# အခန်း(၈) အကူးအပြောင်းကာလအဆင်ပြေချောမွေ့ရေး စီစဉ်ဆောင်ရွက်ခြင်း

**အခန်းရည်ရွယ်ချက်**

- သူငယ်တန်းကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ အခက်အခဲများကို ကျော်လွှား လွန်မြောက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်သည်။

**အခန်း(၈)တွင် လေ့လာသင်ယူရမည့်အကြောင်းအရာများ**

- အကူးအပြောင်းကာလ၏ အဓိပ္ပာယ်၊
- သူငယ်တန်းကလေးများကြုံတွေ့ရမည့် အကူးအပြောင်းကာလများနှင့် အခက်အခဲများ၊
- သူငယ်တန်းကလေးများ အကူးအပြောင်းကာလ ချောမွေ့စေရန် ဆရာများဆောင်ရွက်ပေးရမည့် အချက်များ၊

**အခန်း(၈)ကို လေ့လာသင်ယူပြီးနောက်**

ဆရာများသည် သူငယ်တန်းကလေးများ ကြုံတွေ့ရမည့် အကူးအပြောင်းကာလများအရ မိမိတို့ လက်ရှိအသုံးပြုနေသောလုပ်ငန်းများသည် အကူးအပြောင်းကာလများကိုအဆင်ပြေချောမွေ့စွာလွန်မြောက် စေနိုင်ခြင်း ရှိ/မရှိ သုံးသပ်ပြီး အကူးအပြောင်းကာလများကို လွန်မြောက်စေနိုင်မည့် လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်လာမည်။

**စဉ်းစားပါ။**

- အကူးအပြောင်းကာလဆိုတာကို ဘယ်လိုနားလည်ပါသလဲ။
- ကိုယ်တိုင်ကြုံခဲ့ဖူးတဲ့ အကူးအပြောင်းကာလတစ်ခုကို ပြန်တွေးကြည့်ပါ။ ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ခဲ့ရသလဲ။ ဘယ်လိုခံစားခဲ့ရသလဲ။
- ဘယ်လိုဖြေရှင်းလွန်မြောက်ခဲ့ပါသလဲ။

**ဖတ်ပါ။**

အကူးအပြောင်းကာလဆိုသည်မှာ ကလေး သို့မဟုတ် လူကြီးတစ်ယောက်အတွက် ရင်းနှီးကျွမ်းဝင်ပြီး အခြေအနေတစ်ခုမှ ရင်းနှီးကျွမ်းဝင်ခြင်းမရှိသော အခြေအနေတစ်ခုသို့ ကူးပြောင်းရောက်ရှိသော အချိန်ကိုဆိုလိုပါသည်။ လူကြီးဖြစ်စေ ကလေးဖြစ်စေ မိမိနှင့်မရင်းနှီးသော အကူးအပြောင်းကာလများကို ကြုံတွေ့ ရင်ဆိုင်ရတတ်ပါသည်။

DBEBOX

ရှေးဦးကလေးသူငယ်ဘဝတွင် ကလေးများကြုံတွေ့ရင်ဆိုင်ကြရသည့် အဓိကအကူးအပြောင်းများမှာ–

– အိမ်မှရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး လုပ်ငန်းအစီအစဉ်များသို့
– အသက်(၃)နှစ် ပြည့်သောအခါ အိမ် သို့မဟုတ် မိခင်ဝိုင်းမှ မူကြိုကျောင်းသို့
– အသက်(၅)နှစ်ရောက်သောအခါ မူကြိုကျောင်း သို့မဟုတ် အိမ်မှ သူငယ်တန်းသို့
– အသက်(၆)နှစ် ရောက်သောအခါ သူငယ်တန်းမှ ပထမတန်းသို့ဖြစ်သည်။

ထိုအကူးအပြောင်းကာလများတွင် တွေ့ကြုံရသည့်ပြောင်းလဲမှုများအရ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ပြီး စိတ်ဖိစီးမှုများ ခံစားရတတ်ပါသည်။ လူကြီးများအနေဖြင့် အလွယ်တကူရင်ဆိုင် ကျော်လွှားနိုင်သော်လည်း စိတ်လှုပ်ရှားမှုကို ထိန်းချုပ်နိုင်စွမ်းအားနည်းသေးသည့် ကလေးများအတွက်မူ အထူးစိတ်ဖိစီးမှုခံစားရစေနိုင်ပါသည်။ ထို့ကြောင့် ကလေးများကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ၊ အခက်အခဲများကို ကလေးပြုစုသူ လူကြီးမိဘ၊ဆရာများအားလုံး နားလည်ထားမှသာ ကလေးများကူးပြောင်းရမည့် ပတ်ဝန်းကျင်အသစ်တွင် လိုက်လျောညီထွေ နေတတ်စေရန် ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

**စဉ်းစားပါ။**

➢ ကျောင်းဖွင့်စအချိန်များတွင် သင်၏သူငယ်တန်းကလေးငယ်များတွင် အောက်ပါအပြုအမူများကို တွေ့ဖူးပါသလား။
   – ကျောင်းခန်းထဲမဝင်ဘဲ လိုက်ပို့သူကို အတင်းဖက်တွယ် ငိုယိုနေခြင်း
   – ကျောင်းပို့သူအား မြန်မြန်လာခေါ်ရန် အထပ်ထပ်မှာကြားခြင်း
   – မိသားစုဝင်များအား ခေါ်ပေးရန် ငိုယိုတောင်းဆိုခြင်း
   – မည်သူနှင့်မျှ စကားမပြောဘဲငိုနေခြင်း
   – နေရာတွင်ပင် အပေါ့အလေးသွားခြင်း

➢ အဘယ်ကြောင့် ထိုသို့ပြုမူလုပ်ဆောင်ကြသည်ဟုထင်ပါသလဲ။

➢ ထိုအချိန်က ကလေးများ၏ခံစားမှုကို သင်နားလည်ခဲ့သည်ဟုထင်ပါသလား။ ထိုကလေး များအတွက် သင်ဆောင်ရွက်ပေးခဲ့သော အရာများကို မှတ်စုတွင်ချရေးထားပါ။

**ဖတ်ပါ။**

သူငယ်တန်းကလေးများအတွက် ကျောင်းဟူသော ပတ်ဝန်းကျင်အသစ်ကိုမရောက်ခင် အိမ်သည် သူတို့အတွက် နွေးထွေးလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တစ်ခုဖြစ်ပေသည်။ အိမ်ဟူသော ပျော်စရာပတ်ဝန်းကျင်မှ သတ်မှတ်ချက်များနှင့်အညီသာနေထိုင်လုပ်ကိုင်ရသည့် ကျောင်းပတ်ဝန်းကျင်သို့ကူးပြောင်းရချိန်တွင် ချက်ချင်းနေသားမကျနိုင်ဘဲ အထူးစိတ်ဖိစီးခံရနိုင်သည့် အခြေအနေမျိုးကြုံတွေ့ရနိုင်ပါသည်။ မူကြိုအတွေ့အကြုံရှိထားသော ကလေးများအနေဖြင့် အများနှင့်နေထိုင်လုပ်ကိုင်ခြင်းကို အထိုက်အလျောက် ကျင့်သားရပြီးဖြစ်နိုင်သည့်အတွက် သူငယ်တန်းသို့ အကူးအပြောင်းမှာ ပိုမိုညင်သာမှုရှိနိုင်ပါသည်။ သို့သော် မူကြိုအတွေ့အကြုံမရှိဘဲ အိမ်မှသူငယ်တန်းသို့ တိုက်ရိုက်ကူးပြောင်းလာသော ကလေးများအတွက်မူ ပြောင်းလဲသွားသော ပတ်ဝန်းကျင်အသစ်တွင် မိမိနှင့်ရင်းနှီးကျွမ်းဝင်မှုမရှိသူများနှင့်အတူ သတ်မှတ်ထားသော စည်းမျဉ်းဘောင်အတွင်းနေထိုင်နိုင်ရန် လွန်စွာခက်ခဲနိုင်ပါသည်။ မိသားစုနှင့်ခွဲခွာရသည့်အပြင် နေ့စဉ် ပုံမှန်လုပ်ငန်းများတွင် မိသားစုထံမှ ရရှိနေကျဖြစ်သော ကူညီပံ့ပိုးမှုများမရတော့ဘဲ အများနှင့်လိုက်လျောညီထွေ

DBE BOX

နေထိုင်ရခြင်း၊ စည်းကမ်းတကျနေထိုင် စားသောက်ရခြင်း၊ အပေါ့အလေးသွားရခြင်း စသည်တို့ကို အိမ်နှင့်မတူသော ပတ်ဝန်းကျင်တွင် တစ်ဦးတည်း ရင်ဆိုင်လုပ်ဆောင်ရခြင်းကြောင့် စိတ်အားငယ်ခြင်း၊ မိသားစုကိုသတိရခြင်း၊ စိုးရိမ်ကြောက်ရွံ့ခြင်း၊ ပူပန်သောကရောက်ခြင်းစသည်တို့ကို အချိန်အတော်ကြာ ခံစားကြရတတ်ပါသည်။ **ထို့ကြောင့် ဆရာများအနေဖြင့် ကျောင်းသို့ရောက်စ ကလေးငယ်များ၏ ကျောင်းခန်း ထဲဝင်ရန် ငြင်းဆန်ခြင်း၊ အော်ဟစ် ငိုယိုနေခြင်း၊ မည်သည့်သင်ယူမှုကိုမျှ စိတ်မဝင်စားခြင်း၊ နေရာတွင်ပင် အပေါ့အလေးသွားခြင်း စသည့် အပြုအမူများသည် အကူးအပြောင်းကာလ၏ စိတ်ဖိစီးသောက ရောက်မှုများကြောင့် ဖြစ်ပေါ်လာရသည်ကို နားလည်ရန်လိုအပ်ပါသည်။**

အဆိုပါ စိတ်ဖိစီးခံစားရမှုများကို လျော့ပါးသက်သာစေရန် သူငယ်တန်းသို့ ကူးပြောင်းရောက်ရှိကာစ ကလေးများကို စည်းမျဉ်းစည်းကမ်းများအတိုင်း ရုတ်တရက်ချက်ချင်း နေထိုင်စေခြင်းမျိုး မပြုလုပ်ဘဲ **‘ငါတို့ ဆရာသည် ငါတို့ကိုချစ်သည်။ ကျောင်းသည် အိမ်ကဲ့သို့ ပျော်စရာကောင်းသည်။’** စသည်ဖြင့် ကလေးတို့၏ ယုံကြည်စိတ်ချမှုကို ရရှိအောင် ဦးစွာဆောင်ရွက်သင့်ပါသည်။ အိမ်နှင့်ဆင်တူသော နွေးထွေးသည့် ပတ်ဝန်းကျင်မျိုးတွင် စိတ်လွတ်လပ် ပေါ့ပါးစွာ နေထိုင်လုပ်ကိုင်ခွင့်ရစေရန် ဖန်တီးပေးရန်လိုအပ်ပါသည်။ ဆိုလိုသည်မှာ ဆရာဆောင်ရွက်သမျှ သင်ယူမှုလုပ်ငန်းများသည် ကလေး၏ စိတ်ဝင်စားမှုနှင့်ကိုက်ညီနေရပါမည်။ ဆရာ၏ ပြုမူပြောဆိုဆက်ဆံမှုများသည် အိမ်ရှိမိသားစုဝင်များနှင့်မခြား နွေးထွေးမှု ရှိနေရပါမည်။ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် ပြုရပါမည်။ သို့မှသာ ကလေးများ၏စိတ်တွင် လုံခြုံစိတ်ချမှု ရရှိလာပြီး ပျော်ရွှင်စွာသင်ယူလာနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် သင်ရိုးသစ်တွင် ကျောင်းသို့ရောက်ရှိကာစ ကလေးငယ်များ၏ စိုးရိမ်ပူပန် သောက ရောက်မှုများ လျော့ပါးသက်သာစေရန် ၅ နှစ်အရွယ်ကလေးများ၏ သဘာဝဖွံ့ဖြိုးမှု အဆင့်များနှင့်ကိုက်ညီသော လုပ်ငန်းများဖြစ်သော ပုံပြင်နားထောင်စေခြင်း၊ ကဗျာသီချင်းများ သီဆို လှုပ်ရှားစေခြင်း၊ ဆရာနှင့် (သို့မဟုတ်) အချင်းချင်း လွတ်လပ်စွာအပြန်အလှန်ပြောဆို စေခြင်း၊ ပုံဆွဲစေခြင်း၊ အရောင်ခြယ်စေခြင်း၊ ရုပ်ပုံများကြည့်စေခြင်း၊ ပတ်ဝန်းကျင်လေ့လာစေခြင်း၊ ကစားစရာပစ္စည်းများနှင့် ကစားစေခြင်း၊ ကစားနည်းများဖြင့် စုပေါင်းကစားစေခြင်း စသည်တို့ကို စိတ်ပေါ့ပါးလွတ်လပ်စွာ စုပေါင်းလုပ်ဆောင်စေခြင်းဖြစ်သည်။ ထိုသို့ ကလေးများ နှစ်သက်ရာလုပ်ငန်းများကို လုပ်ဆောင်နေစဉ်အတွင်းမှာပင် ကလေးအရွယ်တွင်ရှိရမည့် စိတ်ဓာတ်၊ စည်းကမ်းတို့ကို တဖြည်းဖြည်း လေ့ကျင့်ပေးသွားရန်ဖြစ်ပါသည်။

(ဥပမာ– မိမိအမှိုက်ကို မိမိတာဝန်ယူခြင်း၊ ကစားစရာများကို နေရာတကျ ပြန်လည် သိမ်းဆည်းခြင်း၊ အလှည့်ကျတန်းစီခြင်း၊ အများနှင့်ပူးပေါင်းလုပ်ဆောင်ခြင်း၊ လက်ဆေးခြင်း၊ နိုင်ငံတော်အလေးပြုခြင်း၊ ကိုယ်ချင်းစာနာ ကူညီတတ်ခြင်းစသည်ဖြင့်)

ဖော်ပြပါလုပ်ငန်းများလုပ်ဆောင်စေခြင်းသည် ပျော်ရွှင်စေရုံသက်သက်သာမဟုတ်ဘဲ ကလေးများ၏ အကူးအပြောင်းကာလကို ချောမွေ့စေသည့်အပြင် စာရေးစာဖတ်ခြင်းကို ဆက်လက်သင်ယူနိုင်ရန်လိုအပ်သော အခြေခံကျွမ်းကျင်မှုများကိုလည်း ရရှိစေမည်ဖြစ်ပါသည်။

(ဥပမာ–စာရေးခြင်းအတွက် လက်ချောင်းသန်မာခြင်း၊စာဖတ်ခြင်းအတွက် ဗျည်းအက္ခရာ စာလုံး အသံထွက်များနှင့် ပုံသဏ္ဌာန်များကို ခွဲခြားတတ်လာခြင်း စသည်ဖြင့် )[မှတ်ချက်။ အခန်း ၆၊ စာမျက်နှာ (    )တွင် ဖော်ပြပြီး]

ထို့ကြောင့် သူငယ်တန်းဝင်ရောက်ကာစ ကလေးများ၏ အကူးအပြောင်းကာလ ချောမွေ့စေရေးကို ဦးစွာလုပ်ဆောင်စေသည့် ရည်ရွယ်ချက်ကို နားမလည်ဘဲ စာရေးစာဖတခြင်းကို ချက်ချင်းသင်ကြားခြင်းသည် ကလေး၏ သဘာဝဖွံ့ဖြိုးမှုအဆင့်များနှင့် လုံးဝမကိုက်ညီသော လွန်စွာလွဲမှားသည့် အချက်ဖြစ်ပါသည်။ သူငယ်တန်းကလေးများအတွက် ကျောင်းသည် အိမ်နှင့်တူသောကျောင်း ဖြစ်ရန်လိုအပ်သကဲ့သို့ ကျောင်းနှင့်

DBE BOX

တူသောအိမ်ဖြစ်စေရန် မိဘများအပါ အဝင် ဆရာများအားလုံး အထူးသတိထားသင့်ပါသည်။

## ပြန်လည်အသုံးချခြင်းလုပ်ငန်း။

- ကျောင်းဖွင့်စအချိန်များတွင် သင်၏သူငယ်တန်းကလေးများအတွက် ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများအား ပြန်ကြည့်ပါ။ အဆိုပါ လုပ်ငန်းများသည် ကလေးများ၏ သဘာဝ၊ ဖွံ့ဖြိုးမှုနှင့်ကိုက်ညီပြီး အကူးပြောင်းကာလအခက်အခဲများ အဆင်ပြေချောမွေ့ စေရေးကို ဦးတည်သော လုပ်ငန်းများဖြစ်ပါသလား။
- အကယ်၍ ကိုက်ညီမှုရှိသည်ဟု ယူဆပါက သင်ဆောင်ရွက်နေကျအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပြီး လိုအပ်ချက်များရှိနေသည်ဟု သင့်ကိုယ်သင် ယူဆပါက ယနေ့မှစ၍ ဖြည့်ဆည်းလုပ်ဆောင်ပေးပါ။

## စဉ်းစားပါ။

ဆရာမ ဒေါ်ဝင်းဝင်းအောင်သည် သူ၏ သူငယ်တန်းကျောင်းသားများကို ကလေး၏ အသက်အရွယ်၊ ဖွံ့ဖြိုးမှုနှင့်လျော်ညီသော လုပ်ငန်းများဖြစ်သည့် ကစားခြင်း၊ ပုံပြောခြင်း၊ ကဗျာသီချင်းဆိုခြင်း၊ ပုံဆွဲအရောင်ခြယ်ခြင်း စသည့် လုပ်ငန်းများကို တစ်နှစ်ပတ်လုံးဆောင်ရွက်စေခဲ့သည်။ နှစ်ကုန်သောအခါ ဒေါ်ဝင်းဝင်းအောင်၏ တပည့်များသည် ပထမတန်းသို့တက်ရောက်ရန် တက်ကြွပျော်ရွှင်နေကြသည်။ သို့သော် အမှန်တကယ် ပထမတန်းသို့ ရောက်ရှိချိန်တွင် ကျောင်းသားများသည် ပထမတန်း၏ သင်ကြားမှုများကို ကောင်းမွန်စွာ လိုက်နာဆောင်ရွက် နိုင်မှုမရှိဘဲ ကျောင်းတက်ရန် စိတ်အားထက်သန်မှုများ လျော့နည်းလာသည်ကို တွေ့ရသောကြောင့် ဒေါ်ဝင်းဝင်းအောင်သည် သူ၏တပည့်များ အဘယ်ကြောင့် ထိုသို့ဖြစ်သွားရသည်ကို နားမလည်နိုင်ဖြစ်နေပါသည်။

- ➢ သင်မည်သို့ ထင်မြင်ပါသနည်း။
- ➢ ဆရာမ ဒေါ်ဝင်းဝင်းအောင်ကို မည်သို့အကြံပြုချင်ပါသနည်း။

## ဖတ်ပါ။

သူငယ်တန်းသင်ရိုးသစ်တွင် သူငယ်တန်းသို့ရောက်ရှိလာမည့် ၅ နှစ်အရွယ်ကလေးများ ကြုံတွေ့ရနိုင်သည့် အကူးအပြောင်းကာလ နှစ်ခုလုံးအတွက် ထည့်သွင်းစဉ်းစားထားသည်။ များသောအားဖြင့် သူငယ်တန်းသင်ဆရာများသည် ပထမအကူးအပြောင်းကာလ အခက်အခဲများ အဆင်ပြေချောမွေ့စေရေးကို ရည်ရွယ်သည့် လုပ်ငန်းများအဖြစ် ကစားခြင်း၊ ပုံပြောခြင်း၊ ကဗျာ သီဆိုခြင်း၊ ပုံဆွဲအရောင်ခြယ်ခြင်း စသည့်လုပ်ငန်းများကို တစ်နှစ်ပတ်လုံး ဆောင်ရွက်ကြသော်လည်း ဒုတိယအကူးအပြောင်းအလဲကာလ အခက်အခဲများ အဆင်ပြေရေးအတွက်ကိုမူ ပြင်ဆင်ပေးလိုက်ရန် မေ့လျော့နေတတ်ကြသည်။

သူငယ်တန်းစာသင်နှစ်ပြီးဆုံး၍ ပထမတန်းရောက်ပါက ကလေးများသည် စာရေး၊ စာဖတ်ခြင်းကို ပုံစံတကျသင်ယူရတော့မည်ဖြစ်ပါသည်။ ပုံစံတကျဆိုသည်မှာ ဗျည်းအက္ခရာများ၊ ကိန်းများကို ညီညီညာညာ အရစ်အဆွဲမှန်ကန်စွာ ရေးသားခြင်းကစ၍ မည်သည့်နေရာကစ၍ ရေးရမည်၊ မည်သို့ မျဉ်းသား



DBEBOX

ရမည် စသည်တို့အပါအဝင် အလုည့်ကျဆောင်ရွက်ရခြင်း၊ စည်းမျဉ်းစည်းကမ်းများအတိုင်း နေထိုင်ရခြင်းများလည်း ပါဝင်နိုင်ပါသည်။ အဆိုပါလုပ်ငန်း များကို သူငယ်တန်းတက်ရောက်စဉ်ကကဲ့သို့ စိတ်ပျော်ရွှင်တက်ကြွစွာ သင်ယူလုပ်ကိုင်နိုင်ရန် လိုသည်။ ထိုသို့ သင်ယူလုပ်ကိုင်နိုင်ရန် လေ့ကျင့်ပြင်ဆင်ပေးရမည်မှာ သူငယ်တန်းဆရာ၏ တာဝန်ပင်ဖြစ်ပါသည်။

ထို့ကြောင့် သူငယ်တန်းသင်ဆရာများအနေဖြင့် ပထမအကူးအပြောင်းကာလကို အခက်အခဲမရှိကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးရုံမျှဖြင့် တာဝန်မကျေနိုင်ပါ။ ပထမတန်းတွင် စတင်လုပ်ကိုင်ဆောင်ရွက်ရမည့် စာရေး၊စာဖတ်ခြင်းကို အခက်အခဲမရှိ လုပ်ဆောင်နိုင်ရန်လိုအပ်သော အခြေခံကျွမ်းကျင်မှုများကို လေ့ကျင့်ပြင်ဆင်ပေးရပါမည်။ (မှတ်ချက်– စာရေး၊စာဖတ်ခြင်းအတွက် အခြေခံကျွမ်းကျင်မှုများကို စာမျက်နှာ (၆၀)တွင် ဖော်ပြထားပါသည်။)

စာရေး၊စာဖတ်ခြင်းအတွက် လိုအပ်သောအခြေခံကျွမ်းကျင်မှုများရရှိအောင် လေ့ကျင့်ပြင်ဆင်ပေးခြင်းနှင့် စာရေး၊စာဖတ်သင်ခြင်း၏ မတူညီမှုကို သူငယ်တန်းသင်ဆရာများ ခွဲခြားနားလည်ရန်လည်း အရေးကြီးပါသည်။

သူငယ်တန်းသင်ရိုးသစ်တွင် ကလေးများကို စိတ်ဖိစီးမှုဖြစ်စေသည့် မည်သည့်စာလုံး၊ စာကြောင်းကိုမျှ အလွတ်ရေးစေခြင်း၊ စာလုံးမည်မျှ ရေးရမည်ဟု ဖိအားပေးရေးစေခြင်းများ၊ စာရေးပြိုင်ခြင်း၊ လက်ရေးလှပြိုင်ခြင်းများပြုလုပ်ရန် အားမပေးပါ။ ကျောင်းဖွင့်စကာလမှ အောက်တိုဘာလအထိ ကာလများတွင် ပထမအကူးအပြောင်းကာလဖြစ်သည့် သို့မဟုတ် မူကြိုမှ သူငယ်တန်းသို့ ရောက်ရှိချိန် အခက်အခဲများပြေလျော့အောင် ပြင်ဆင်ပေးရန်ဖြစ်၍ နိုဝင်ဘာလမှ ဇန်နဝါရီလ (နောက်ဆုံး ၃ လ)တွင် သူငယ်တန်းမှ ပထမတန်းရောက်ရှိချိန် ကြုံတွေ့ရမည့် အခက်အခဲများ ပြေလျော့အောင် ပြင်ဆင်ရန်ဖြစ်သည်။

သူငယ်တန်း၏ နောက်ဆုံးသုံးလတွင် အကူးအပြောင်း သင်ရိုးညွှန်းတမ်းအနေဖြင့် အောက်ဖော်ပြပါ နယ်ပယ်များကို အလေးပေးဆောင်ရွက်ရမည်ဖြစ်သည်–

– **သင်ကြားရေးတွင်အသုံးပြုသည့်ဘာသာစကား–** သူငယ်တန်းတွင်စာသင်ခန်းအတွင်း၌ အသုံးပြုသော ဘာသာစကားသည် ယေဘုယျအားဖြင့် အိမ်တွင်ပြောသည့် ဘာသာစကားဖြစ်သော်လည်း ပထမတန်းတွင်မူ ရုံးသုံးဘာသာစကားဖြစ်သော မြန်မာစကားသည် အဓိကသင်ကြားသင်ယူမှုဘာသာစကားဖြစ်ပါသည်။ သို့ဖြစ်ရာ တိုင်းရင်းသားကလေးများအတွက် ဘာသာစကားအခက်အခဲသည် အကူးအပြောင်းတွင်ကြီးမားသည့် အဟန့်အတားဖြစ်နိုင်ပါသည်။ ထို့ကြောင့် သူငယ်တန်းစာသင်နှစ်၏ နောက်ဆုံးသုံးလ အတွင်းတွင် တိုင်းရင်းသားကလေးငယ်များနှင့် လုပ်ကိုင်ဆောင်ရွက်ရာ၌ မြန်မာဘာသာ စကားအပြောအဆိုကို အလေးပေးအသုံးပြုကာ လုပ်ဆောင်သင့်ပါသည်။ သို့မှသာ ထို ကလေးများအနေဖြင့် မြန်မာဘာသာစကားနှင့် ရင်းနှီးကျွမ်းဝင်မှုရှိကာ ပထမတန်းသို့ အကူးတွင် ပိုမိုအဆင်ပြေမည်ဖြစ်သည်။

– **ပုံစံတကျသင်ကြားခြင်း–** သူငယ်တန်း စာသင်ခန်းအတွင်းတွင် ကစားခြင်းကို အခြေပြုသော သင်ယူမှုလုပ်ငန်းများတွင် လွတ်လပ်ပျော်ရွှင်စွာ လုပ်ကိုင်ဆောင်ရွက်ရေးမှုကို အခြေခံထားပြီး ယေဘုယျအားဖြင့် ပုံစံတကျသင်ကြားမှုကို အလေးပေးမထားပါ။

သူငယ်တန်းကလေးများအနေဖြင့် **ပုံစံတကျသင်ယူခြင်းနှင့်ဆိုင်သော အတွေ့အကြုံများကို သူငယ်တန်းစာသင်နှစ်၏ နောက်ဆုံးသုံးလတွင်သာ ရရှိကြမည်ဖြစ်သည်။** အထူးသဖြင့် ဗျည်းအက္ခရာများကို အရစ်အဆွဲမှန်စွာ စနစ်တကျရေးသားခြင်းကို ထိုကာလပိုင်းတွင်သာ ဆောင်ရွက်သင့်ပါသည်။ တိုင်းရင်းသား ကလေးငယ်များအတွက်မှာမူ မိမိတို့ တိုင်းရင်းဘာသာဗျည်းအက္ခရာများသာမက မြန်မာဘာသာဗျည်းအက္ခရာများကို အမည်၊ အသံနှင့် သင်္ကေတများ

ယှဉ်တွဲမှတ်မိရမည့်အပြင် အရစ်အဆွဲမှန်စွာ ရေးတတ်စေရန်လည်း လုပ်ဆောင်ပေးရမည်ဖြစ်သည်။

– **ပထမတန်းကလေးများနှင့်အတူလုပ်ကိုင်ခြင်း**– သူငယ်တန်းကလေးများကို ပထမတန်း စာသင်ခန်းများတွင် သွားရောက်လေ့လာစေခြင်း၊ ပထမတန်းကလေးများနှင့်တွဲလျက် သင့်လျော်သော သင်ယူမှုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခွင့်ရစေရန် ဖန်တီးပေးခြင်း ဖြင့် ပထမတန်း၏ သဘောသဘာဝ၊ ပထမတန်းတွင် တွေ့ကြုံရမည့် လုပ်နည်း ကိုင်နည်းများနှင့် မိတ်ဆက်ပေးသည့်သဘောဖြစ်ပြီး အမှန်တကယ် ပထမတန်းသို့ဝင် ရောက်လာသည့်အခါ အဆင်ပြေချောမွေ့စေနိုင်ပါသည်။

**စဉ်းစားပါ။**

- ဆရာမ ဒေါ်ဝင်းဝင်းအောင်ရဲ့ သူငယ်တန်းကလေးတွေ ဘာကြောင့် ပထမတန်း သင်ကြားမှုတွေကို ကောင်းစွာလိုက်နာဆောင်ရွက်နိုင်မှု မရှိတာလဲဆိုတာ အဖြေရှာတွေ့ပါပြီလား။
- သူငယ်တန်းမှာ သီချင်းကဗျာဆိုရုံ၊ ကစားရုံပဲလုပ်ရမယ်လို့ ယူဆနေကြသူတွေကို ဘယ်လိုပြန်ဖြေရှင်းမလဲ
- သင့်သူငယ်တန်းကလေးတွေကို ပထမတန်းအကူးအပြောင်းကာလ ချောမွေ့စေဖို့ ဘာလုပ်ပေးဖို့လိုသလဲ

**အကြံပြုချက်။**

သူငယ်တန်းသည် အခြေခံပညာမူလတန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်နေသည့်တိုင် သူငယ်တန်းစာသင်ခန်းသည် မူကြိုစာသင်ခန်းပုံစံနှင့် အနီးစပ်ဆုံးတူအောင် ပြင်ဆင်သင့်ပါသည်။ သူငယ်တန်းတွင် ပထမတန်း၊ ဒုတိယတန်းများကဲ့သို့ ထိုင်ခုံအနေအထား၊ ဖတ်စာအုပ်၊ လေ့ကျင့်ခန်းစာအုပ် စသည်တို့ဖြင့် သင်ယူရပါက တစ်မဟုတ်ချင်းပြောင်းသွားသည့် အနေအထားဖြစ်သောကြောင့် ကလေးအတွက် ခက်ခဲပင်ပန်းနိုင်ပါသည်။ ကျောင်းဝင်စ ပထမလ များတွင် စာရေးစာဖတ်ကို သင်ရန်မလိုသေးဘဲ စာရေး၊ စာဖတ်အဆင်သင့်ဖြစ်စေမည့် လုပ်ငန်းများကိုသာ လုပ်ဆောင်စေရပါမည်။ ပထမတန်းကူးပြောင်းကာနီး နောက်ဆုံး ၃ လ ရောက်မှသာ စိတ်ကြိုက်ကူးရေးစေခြင်းမှ တစ်ဆင့်တက်၍ အရစ်အဆွဲမှန်စွာကူးရေးစေခြင်းကို ကူးပြောင်းလေ့ကျင့်စေသင့်ပါသည်။ သို့သော် ကလေးများစိတ်ပင်ပန်းစေမည့် အလွတ်ရေးခိုင်းခြင်း၊ အိမ်စာပေးခြင်းများ မပြုလုပ်သင့်ပါ။


သူငယ်တန်းဆရာများ တစ်နှစ်ပတ်လုံး ထိထိရောက်ရောက် သင်ကြားနိုင်ရန်အတွက် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနက ထုတ်ဝေသော သင်ပြမှုပုံစံ(စာအုပ်အစိမ်း)ရှိ နမူနာသင်ယူမှု လုပ်ငန်းများတွင်လည်း သူငယ်တန်းကလေးများ၏ အကူးအပြောင်းကာလ အခက်အခဲအားလုံး ပြေလျော့စေမည့်လုပ်ငန်းများကို ထည့်သွင်းပြုစုထားသောကြောင့် အဆိုပါ သင်ယူမှုလုပ်ငန်းများအတိုင်း သင်ကြားခြင်းဖြင့်လည်း သူငယ်တန်းကလေးများ၏ အကူးအပြောင်းကာလ အခက်အခဲများကို ဖြေရှင်းရာရောက်ပါသည်။

**ပြန်လည်အသုံးချခြင်းလုပ်ငန်း။**

သူငယ်တန်းကလေးများ အကူးအပြောင်းကာလ အဆင်ပြေချောမွေ့စေရေးဆိုင်ရာ အကြောင်းအရာများကို ကောင်းစွာနားလည်သဘောပေါက်ပြီးနောက် မိမိစာသင်ခန်းတွင်မည်သို့ ပြန်လည်အသုံးချမည်ကို စဉ်းစားရပါမည်။

DBE BOX

ထိုသို့စဉ်းစားရာတွင် ဤအခန်းပါအကြောင်းအရာနှင့် ပတ်သက်၍ မိမိ၏အား သာချက်၊ အားနည်းချက်များကို သုံးသပ်ရန်လိုပါသည်။ ထို့ကြောင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ကြည့်ရန်တိုက်တွန်းလိုပါသည်။



**ရေးပါ။**

၁။ သူငယ်တန်းကလေးတွေရဲ့ အကူးအပြောင်းကာလမှာ ဆရာတွေစီစဉ်ဆောင်ရွက်ရမယ့် နည်းလမ်းတွေအရ သင့်ရဲ့အားနည်းချက်တွေက ဘာတွေလဲ။



၂။ အဲဒီအားနည်းချက်တွေကို ဘယ်လိုအားဖြည့်ဆောင်ရွက်မလဲ။

၃။ သင့်မှာရှိပြီး အားသာချက်တွေကဘာတွေလဲ။
ဘယ်လိုထပ်ပြီး အားကောင်းအောင် ဖြည့်ဆည်းဆောင်ရွက်မလဲ။

## အခန်း(၈)အတွက် မိမိကိုယ်ကိုအကဲဖြတ်ခြင်း

**မင်္ဂလာပါ–**

အခန်း(၈) ပြီးစီးသွားပါပြီ။ ဒီအခန်းကို သေချာနားလည်သွားပြီလားလို့ ကိုယ့်ကိုကိုယ် အကဲဖြတ်ကြည့်ရအောင်။

 + 

**ဖတ်ပြီးစဉ်းစားပါ။**

၁။ အကူးအပြောင်းကာလဆိုတာဘာလဲ။

၂။ သူငယ်တန်းကလေးတွေ ရင်ဆိုင်ကြုံတွေ့ရတဲ့ အကူးအပြောင်းကာလတွေနဲ့ အခက်အခဲတွေကဘာတွေလဲ။

၃။ သူငယ်တန်းကလေးတွေရဲ့ အကူးအပြောင်းကာလတွေ ချောမွေ့အောင် ဘာတွေ စီစဉ်ဆောင်ရွက်ပေးဖို့လိုသလဲ။

အောက်ပါမေးခွန်းကို ရိုးသားစွာ **'ဟုတ်ပါတယ်'** လို့ ဖြေနိုင်ပါသလား။ ဖြေနိုင်တယ်ဆိုရင် သင်ကောင်းစွာ လက်တွေ့အသုံးချခဲ့ပြီ ဖြစ်ပါတယ်။

၄။ သူငယ်တန်းကလေးတွေရဲ့ အကူးအပြောင်းကာလ အခက်အခဲတွေကို နားလည်သဘောပေါက်ပြီး အကူးအပြောင်းကာလ အဆင်ပြေချောမွေ့စေရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသလား။

သင်ကောင်းစွာလေ့လာသိရှိသွားပြီဆိုလျှင် အခန်း(၉)သို့ ဆက်လက်သွားပါ။ အကယ်၍ အချို့အချက်များနှင့် ပတ်သက်၍ မရှင်းလင်းသေးပါက အခန်း(၈)ကို သင်၏လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ထပ်မံလေ့လာပါ။ သို့ရာတွင် အောက်ပါလုပ်ငန်းများကို ကိုယ်ပိုင်အားလပ်ချိန်တွင် ကြိုးစားပြုလုပ်ပါ–

- မရှင်းလင်းသေးသည့် အပိုင်းများကို ပြန်ဖတ်ပါ။
- သင့်၏မြို့နယ်ရှိ KGသူငယ်တန်းဆရာ၊ဆရာမများဆိုင်ရာသင်တန်းတက်ပြီးသူများကို မေးမြန်းပြီးဆွေးနွေးပါ။

---||---

DBE BOX

# အခန်း(၉) မိဘများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

**အခန်းရည်ရွယ်ချက်**

- သူငယ်တန်းသင်ရိုးညွှန်းတမ်းကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများကို ဖော်ထုတ်ပြီး စီစဉ်လုပ်ဆောင်သည်။

**အခန်း(၈)တွင် လေ့လာသင်ယူရမည့်အကြောင်းအရာများ**

- ကလေးများ၏ ဖွံ့ဖြိုးမှုနှင့် သင်ယူမှုအတွက် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပုံ
- ကလေးများ၏ ဖွံ့ဖြိုးမှုနှင့် သင်ယူမှုအတွက် မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ

**အခန်း(၈)ကို လေ့လာသင်ယူပြီးနောက်**

သူငယ်တန်းကလေးများအား သင်ကြား၊သင်ယူမှုလုပ်ငန်းများဆောင်ရွက်ရာတွင် မိဘ၊ ဆရာများ၏ အားပေးကူညီမှု၊ ပံ့ပိုးမှုများ၊ လိုအပ်ပုံတို့ကို နားလည်ပြီး ပူးပေါင်းလုပ်ဆောင်လာနိုင်မည်။

**စဉ်းစားပါ။**

- သူငယ်တန်း သင်ရိုးညွှန်းတမ်းကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် မိဘ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသလား။ ဘာကြောင့်လဲ။
- မိဘများ၏ပူးပေါင်းဆောင်ရွက်မှုရရှိရန် မည်ကဲ့သို့ဆောင်ရွက်သင့်ပါသလဲ။

**ဖတ်ပါ။**

## မိဘများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

သူငယ်တန်းသင်ရိုးညွှန်းတမ်းကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မိဘများနှင့် တိုင်ပင်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်လိုပါသည်။ မိဘများအနေဖြင့် သင်ရိုးညွှန်းတမ်းအသစ်နှင့် ပတ်သက်ပြီး သူငယ်တန်းအဆင့် သင်ရိုးညွှန်းတမ်းအသစ်ကို သူငယ်တန်းအရွယ်ကလေးများ၏ ဖွံ့ဖြိုးမှုအဆင့်နှင့် လိုက်လျောညီထွေဖြစ်မှု၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မှုနှင့် ပညာရေးအရ လိုက်လျောညီထွေဖြစ်မှုဟူသော ဆီလျော်ညီညွတ်မှု သုံးမျိုးနှင့်ကိုက်ညီစေရန် ရေးဆွဲထားရာ မိဘများအနေနှင့် ဤအချက်များကို ရှင်းလင်းစွာနားလည်ရန် အထူးလိုအပ်ပါသည်။ သို့မှသာ သင်ရိုးသစ်အရ သူငယ်တန်းတွင် သင်ယူရမည့်အကြောင်းအရာ သင်ပြပုံသင်ပြနည်း၊ ကလေးများလုပ်ဆောင်ရမည့် လုပ်ငန်းများ၊ စာသင်ခန်း အနေအထားအပြောင်းအလဲများကို သဘောပေါက်လက်ခံလာပြီး ပါဝင်ပူးပေါင်း

DBE Box

လာမည်ဖြစ်သည်။ ထို့ပြင် သင်ရိုးညွှန်းတမ်းတွင်ဖော်ပြထားသည့်အတိုင်း ကျောင်းအုပ်ကြီး၏ ဦးဆောင်မှုအောက်တွင် မိဘ၊ ဆရာ၊ ကျောင်းသား စနစ်တကျ ပူးပေါင်းခြင်းဖြင့် သူငယ်တန်းကလေးများ အခြေခံပညာ ဆက်လက်သင်ယူနိုင်ရေး အခြေခံအုတ်မြစ်ခိုင်မာမှု ရရှိမည်ဖြစ်သည်။

**စဉ်းစားပါ။**

- သူငယ်တန်းသင်ရိုးသစ်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မိဘ၊ဆရာ ပူးပေါင်းဆောင်ရွက်ရမည့် နည်းလမ်းတွေက ဘာတွေလဲ။

**ဖတ်ပါ။**

## မိဘများနှင့်ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများ

သူငယ်တန်း စာသင်နှစ် မစတင်မီ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်းတွင် သူငယ်တန်းသို့ ဝင်ရောက်မည့် ကလေးများ၏ မိဘများကို ကျောင်းသို့ဖိတ်ခေါ်ပြီး သင်ရိုးညွှန်းတမ်းအသစ်နှင့် လုပ်ကိုင်ဆောင်ရွက်မည့် နည်းသစ်များကို ရှင်းလင်းပြထားပါက မိဘများအနေဖြင့် အပြောင်းအလဲများကို နားလည်လက်ခံပြီး ပံ့ပိုးပေးနိုင်ပါလိမ့်မည်။ သူငယ်တန်း စာသင်နှစ်တစ်လျှောက်လုံးတွင်လည်း ဆရာနှင့် မိဘအကြား အပြန်အလှန် ဆက်သွယ်နိုင်မည့် နည်းလမ်းများကို ရှာဖွေအသုံးပြုသင့်ပါသည်။ ကလေးများ၏ အခြေအနေကို မိဘများထံမှ မေးမြန်းနိုင်သည့်နည်းတူ ကျောင်းတွင်တွေ့မြင်ရသည့် ကလေးများ၏ ဖွံ့ဖြိုးမှု၊ ဖြစ်ထွန်းတိုးတက်မှုနှင့် လိုအပ်ချက်များကိုလည်း မိဘများအား ပြောပြရပါမည်။ မိဘများတွေ့ကြုံရသည့် အခက်အခဲများကိုလည်း နားထောင်ပေးပြီး ကလေးများ၏ ဖွံ့ဖြိုးမှုနှင့် သင်ယူမှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများရှာဖွေသင့်ပါသည်။ ဥပမာအားဖြင့် အိမ်တွင် ကလေးကို ပုံပြောပြခြင်း၊ စာဖတ်ပြခြင်း၊ ကျောင်းတွင်သင်ခဲ့သည့် တေးကဗျာများကို အိမ်တွင်ရွတ်ဆိုခိုင်းခြင်း၊ ကိုယ်လက်လှုပ်ရှားကစားနည်းများကို ပြန်လုပ်ပြခြင်း စသည်တို့ဖြစ်သည်။ ထိုသို့ ကူညီပံ့ပိုးပေးခြင်းဖြင့် ကလေးသင်ယူခဲ့သမျှကို ပိုမိုစွဲမြဲနိုင်အောင် အင်အား ဖြည့်ပေးရာရောက်ပြီး ကလေးအနေဖြင့်လည်း မိမိကိုယ်ကို ယုံကြည်မှု၊ တန်ဖိုးထားမှုများ ရင့်သန်လာစေမည်ဖြစ်သည်။ ကျောင်းစည်းကမ်းများသည်လည်း စာသင်ခန်းတွင်း ပုံမှန်လုပ်ငန်းများ လုပ်ဆောင်သည့်အချိန်တွင်သာ လိုက်နာရန်မဟုတ်ဘဲ အိမ်တွင်လည်း လိုက်နာရန်လိုအပ်သည်။ (ဥပမာ– အမှိုက်ကို အမှိုက်ပုံးထဲထည့်ခြင်း၊ အစာမစားမီ လက်ဆေးခြင်း) ကလေးများအနေဖြင့် အိမ်တွင်တစ်မျိုး ကျောင်းတွင်တစ်မျိုး ပြုမူဆောင်ရွက်ပါက မည်သည်ကို ပုံမှန်လိုက်နာရမှန်းမသိဘဲ အလေ့အထကောင်းများကိုရရှိရန် ခက်ခဲစေနိုင်သည်။ ထို့ကြောင့် ကလေးများ၏ ဘဝတစ်လျှောက်လုံးအတွက် အလေ့အထကောင်းများ စွဲစွဲမြဲမြဲဖြစ်စေရန် မိဘများ၏ ပူးပေါင်းပါဝင်မှုလည်း လိုအပ်သည်။

သူငယ်တန်း ဆရာများအနေဖြင့် မိဘ၊ဆရာဆွေးနွေးပွဲများကို **ပုံမှန်**ပြုလုပ်ပေးသင့်ပြီး မိခင်ရောဖခင်ပါ တက်ရောက်ရန်တိုက်တွန်းသင့်ပါသည်။ မိဘအားလုံးနှင့်မဟုတ်သည့်တိုင် မိဘများကို ငါးယောက်မှ ဆယ်ယောက် အုပ်စုများခွဲပြီး ညနေကျောင်းဆင်းချိန်တွင် တွေ့ဆုံနိုင်ရန် စီစဉ်သင့်ပါသည်။ ထိုဆွေးနွေးပွဲမျိုးကို အနည်းဆုံး (၃)လတစ်ကြိမ်၊ တစ်နှစ် (၃)ကြိမ် စီစဉ်သင့်ပါသည်။ ကလေးများ၏ ဖြစ်ထွန်းတိုးတက်မှု၊ လိုအပ်ချက်၊ အခက်အခဲများကို စုပေါင်းဖြေရှင်းနိုင်ရန်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် မိဘများ **အခါအားလျော်စွာ** ကျောင်းသို့လာရောက်လည်ပတ်ပြီး သူငယ်တန်းကလေးများ သင်ယူလုပ်ကိုင်ဆောင်ရွက်နေပုံကို ကြည့်ရှုလေ့လာရန် ဖိတ်ကြားသင့်ပါသည်။ အချိန်ပေးနိုင်သော မိဘများရှိပါက ကလေးများ၏ သင်ယူမှုလုပ်ငန်းများတွင် ပါဝင်ကူညီပံ့ပိုးပေးရန် မေတ္တာရပ်ခံနိုင်ပါသည်။ ကလေးများကို အုပ်စုလိုက်ခွဲပြီး စာဖတ်ပြခြင်း၊ စာသင်ခန်းပြင်ပလုပ်ငန်းများတွင် ပါဝင်ကူညီရန် စောင့်ရှောက်ပေးခြင်း၊ ကလေးများနှင့်အတူ ဆော့ကစားခြင်း၊ စားသောက်ချိန် နားချိန်များတွင် တစ်ကိုယ်ရေသန့်ရှင်းရေးကိစ္စများ၌ကူညီခြင်း၊ ကစားစရာပြုလုပ်ပေးခြင်းစသည်တို့ဖြစ်သည်။ သူငယ်တန်းကလေးများ သင်ယူလေ့လာနိုင်ရန် အထောက်အကူဖြစ်မည့် စာအုပ်စာတမ်းများ၊ အိမ်တွင်အသုံးမလိုတော့သည့် ပစ္စည်းဟောင်းများ၊ ကစားစရာများ အစရှိသည့် သင်ထောက်ကူများကို စုစည်းပေးနိုင်ပါသည်။ ထို့ပြင် ဒေသတွက် ဝါး၊ သစ်၊ အုန်းသီး၊ ခရု၊ မြေ စသည့် ပစ္စည်းများဖြင့် မိဘများစုပေါင်း၍ သင်ထောက်ကူပစ္စည်းများ ဖန်တီးပြုလုပ်ပေးနိုင်သည်။

ထို့ပြင် ကျောင်းတွင်ပြုလုပ်သည့် အထူးအစီအစဉ်၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများကို လာရောက်ကူညီ စီစဉ်ပေးနိုင်ပါသည်။ ထိုကဲ့သို့ ပါဝင်လုပ်ဆောင်ပေးခြင်းက ကျောင်းအတွက် လုပ်အားအကူဖြည့်ပေးခြင်း ဖြစ်သကဲ့သို့ မိဘများအနေဖြင့်လည်း **'တို့ကျောင်း'** ဟူသော ခံစားချက်ဖြစ်ပေါ်ပြီး ကျောင်းကို ပိုမိုစိတ်ဝင်စားစွာ ပံ့ပိုးကူညီလာမည်ဖြစ်သည်။

**ပြန်လည်အသုံးချခြင်းလုပ်ငန်း။**

**ဖတ်ပါ။**

**ဘာတွေလေ့လာသိရှိပြီးပြီလဲ**

မိဘများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာသော အောင်မြင်မှုများကို ပိုမိုသိရှိခဲ့သည်။ သူငယ်တန်းကလေးများအတွက် အကောင်းဆုံး သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်အောင် သူငယ်တန်းဆရာများ၏ လုပ်ငန်းဆောင်ရွက်ချက်၊ မိဘများ၏ပံ့ပိုးကူညီမှုများလိုအပ်ကြောင်း သိရှိရပါသည်။

**ပြန်လည်အသုံးချခြင်းလုပ်ငန်း။**

၁။ မိဘများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရှေ့ဆက်လုပ်ဆောင်ရမည့် တစ်နှစ်တာလုပ်ငန်း အစီအစဉ်တစ်ခုရေးဆွဲပါ။

ဥပမာ–

| စဉ် | ဆောင်ရွက်ရမည့်လုပ်ငန်း | အချိန်ကာလ |
|---|---|---|
| ၁ | သင်ရိုးညွှန်းတမ်းရှင်းပြခြင်း | ကျောင်းဖွင့်စကာလ |
| ၂ | ကလေးများ၏သင်ယူဖွံ့ဖြိုးမှုကိုပြောပြခြင်း | ကလေးကျောင်းပို့/ကြိုချိန်<br>(ရံဖန်ရံခါ) |
| ၃ | | |
| ၄ | | |
| ၅ | | |



DBE BOX